နိုင်ငံတွင်လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များကိုဖြည့်စွမ်း
ခြင်းနှင့် ရပ်ရွာများ၏ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း

# မြန်မာ




လူသားချင်းစာနာထောက်ထားမှုအထောက်အကူနှင့် ကြံ့ကြံ့ခံနိုင်မှု လုပ်ငန်းအစီအစဉ် (HARP-F)

www.harpfacility.com

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

# ၁ သန်း

အကူအညီ လိုအပ်နေသည့် လူဦးရေ

# ၅၄ ဖွဲ့

စုစုပေါင်း မိတ်ဖက်အဖွဲ့အစည်း

# ပေါင် ၇၃.၅ သန်း

ကူညီပေးပြီး (၂၀၂၁ ဇန်နဝါရီလထိ)

# ၃၆ ဖွဲ့

ပြည်တွင်းမိတ်ဖက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုဖြစ်ပွားခဲ့သည်မှစ၍ လူသား ချင်းစာနာထောက်ထားမှုလိုအပ်ချက် များပြားလာပြီး မြန်မာနိုင်ငံ၏အခြေအနေသည် ပိုမိုဆိုးရွားလာခဲ့သည်။ မြန်မာပြည်သူများသည် COVID-19၊ ပဋိပက္ခနှင့် လုံခြုံရေး ပျက်ပြားမှုတို့ကြောင့် ကာလတိုနှင့် ရေရှည် ရွှေ့ပြောင်းရမှုတို့ရင်ဆိုင်နေရသည်။ လူဦးရေ ၁ သန်းကျော်အတွက် လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ လည်းရှိနေသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း ရှိနေသည့် ရွှေ့ပြောင်းရခြင်း မရှိသည့် နိုင်ငံမဲ့ရိုဟင်ဂျာ ၄၇၀,၀၀၀ အတွက် လိုအပ်ချက်များဖြည့်စွမ်းခြင်းမပြုနိုင် သေးပါ။ မြန်မာနိုင်ငံအတွင်း ဒေသ အမျိုးမျိုးတွင် စစ်အာဏာသိမ်းခြင်း၏သက်ရောက် မှုပုံစံအမျိုးမျိုးရှိနေသဖြင့် မြန်မာနိုင်ငံအတွက်အထောက်အကူပေးမှုများကို ပြန်လည် စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။ ဤလူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ တုံ့ပြန်မှုတွင် ပြည်တွင်းမိတ်ဖက်များကပိုမိုဦးဆောင်မှုသည် အထောက်အကူပေးခြင်း မဟာဗျူဟာ၏ အရေးပါသည့်နေရာ၌ရှိနေသည်မှာ အသေအချာပင် ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုအထောက်အကူနှင့် ကြံ့ကြံ့ခံနိုင်မှု လုပ်ငန်းအစီအစဉ် (HARP-F) သည် ပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသောသူများ၏လိုအပ်ချက်များကို ဖြည့်စွမ်းရာတွင် ဒေသခံအဖွဲ့အစည်းများကို အချက်အခြာကျသော အခန်းကဏ္ဍမှပါဝင် စေသည့် ဆန်းသစ်တီထွင်ထားသော ရန်ပုံငွေဆိုင်ရာ အဖွဲ့အစည်းစနစ်တစ်ခုဖြစ်သည်။

ကျွန်ုပ်တို့၏မိတ်ဖက်များ၏ သုံးပုံနှစ်ပုံမှာ ရပ်ရွာများအတွင်းကာလကြာရှည်ထဲက အခြေချဝန်ဆောင်မှုပေးနေပြီး ရပ်ရွာ၏ယုံကြည်မှုကို ရရှိထားသည့် ဒေသခံနှင့် ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည်။ ပိုမိုကြီးမားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များသည် လျှင်မြန်သောတုံ့ပြန်မှုပြုရန် လက်လှမ်းမှီမှု သို့မဟုတ် တရားဝင်ဖြစ်မှုတို့ ဆိုင်ရာ ခက်ခဲသော အခြေအနေကြုံတွေ့နေရချိန်တွင် ယင်းဒေသခံပြည်တွင်းအဖွဲ့အစည်း တို့သည် အထောက်အကူများကို ဆက်လက်ပေးနိုင်သော အဖွဲ့အစည်းများဖြစ်သည်။

ယင်းတို့သည် သက်ဆိုင်ရာရပ်ရွာများအတွက် ချက်ခြင်း တာဝန်ခံမှုတာဝန်ယူမှုပိုမိုရရှိ စေနိုင်သည်။ ကျွန်ုပ်တို့၏အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် အထောက်အကူ များပေးရာတွင် ဒေသခံမိတ်ဖက်များအပေါ်တွင် မှီခိုကြရသည်။ ရခိုင်၊ ကချင်၊ ရှမ်း မြောက်ပိုင်းနှင့် ထိုင်းနယ်စပ်များတွင်လုပ်ငန်းဆောင်ရွက်ရာ၌ ဒေသအခြေအနေ ကို စေ့စပ်သေချာစွာနားလည်မှုရှိနိုင်ရန် ဤကွန်ယက်ကို မှီခိုအသုံးပြုခဲ့ရသည်။ ပိုမို အားကောင်းသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်း များဆောင်ရွက်နိုင်ရန် သင်ကြားရေးနှင့် အသိပညာရေး တိုးတက်ရေးဆိုင်ရာ အထောက်အကူပြုသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သည်။၂၀၁၆ ခုနှစ်မှစ၍ ထိခိုက် အလွယ်ဆုံးသူများ၊ အဓိကအားဖြင့် ပြည်တွင်းရွှေ့ပြောင်းရသူများ (IDPs) နှင့် ဒုက္ခသည် များအား အရေးပါသောဝန်ဆောင်မှုများပေးရန် ယူကေ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာရန်ပုံငွေ စတာလင်ပေါင် ၇၃ သန်းကျော်ကို ဒေသခံ၊ ပြည်တွင်းနှင့် အပြည် ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ HARP-F သည် ၂၀၂၀ ခုနှစ် တစ်နှစ်အတွင်း COVID-19 တုံ့ပြန်မှုအတွက် ပထမဦးဆုံးသော တုံ့ပြန်မှု ဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပြီး၊ ကပ်ရောဂါ ကာကွယ် တားဆီးနိုင်ရေး အတွက် ဧပြီလမှ စတင်ကာ မိတ်ဖက်အဖွဲ့အစည်းများသို့ ထပ်တိုးရန်ပုံငွေ ပေါင် ၄.၃ သန်းကို ပေးအပ်နိုင်ခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း လူသား ချင်းစာနာထောက်ထားသည့် အထောက်အကူများကို ပေးအပ်လျက်ရှိသည်။



မန္တလေးတွင်လမ်းပေါ်ရှိပြည်သူများ (People on street in Mandalay), Myanmar © Phuongphoto | Dreamstime.com



©HARP-F partner

# ၂၀၂၁ ဖေဖော်ဝါရီလ အာဏာသိမ်းမှုအားကျွန်ုပ်တို့၏ တုံ့ပြန်မှု

စစ်အာဏာသိမ်းမှုသည် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနိုင်စွမ်းအပေါ် သက်ရောက်မှုရှိနေပါသည်။ ဘဏ်များပိတ်သွားမှု၊ အစားအသောက်နှင့် လောင်စာဆီဈေးတက်မှု၊ ဂန်ထမ်းများလုံခြုံရေးဆိုင်ရာ စိုးရိမ်မှု အခြေအနေ၊ ထိခိုက်ခံစားရသည့် လူများထံသို့ အကူအညီပေးနိုင်ရန် ပိုမိုခက်ခဲလာသည့် အခြေအနေတို့သည် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများဖြစ်လာသည်။ ယင်းကလွန်ကဲစွာထိခိုက်လွယ်ပြီး လူသားချင်းစာနာမှုအကူအညီများ အပေါ်မှီခိုနေရသည့်သူများ – ရွှေ့ပြောင်းနေထိုင်သူများ ပဋိပက္ခကြောင့်ထပ်မံရွှေ့ပြောင်းလာရသူများ၊ ရိုဟင်ဂျာများ၊ မိမိတို့၏မူလနေရပ်သို့ ပြန်လာသောသူများနှင့် ၎င်းတို့ကိုလက်ခံထားရသော လူထုအဖွဲ့အစည်းများ _စသည်တို့အတွက် အစားအစာ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပတ်ဝန်းကျင်၊ ရေ နှင့် တကိုယ်ရည် သန့်ရှင်းရေးတို့ ရရှိရန် ပိုမိုခက်ခဲလာစေသည်။

လက်ရှိမိတ်ဖက်များနှင့် အတူလက်တွဲကာ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်၊ ရေ နှင့် တကိုယ်ရည် သန့်ရှင်းရေး၊ စားနပ်ရိက္ခာနှင့် ငွေကြေး၊ အမိုးအကာ၊ ကာကွယ်စောင့်ရှောက်မှု၊ နှင့် အာဟာရ စသော လတ်တလော လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပေးအပ်လျှက်ရှိသည်။

HARP-F အနေဖြင့် ထိုကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများ နှင့် လတ်တလောလိုအပ်ချက်များ ဖြည့်ဆည်းပေးနေသည့် အတွေ့အကြုံများနှင့် အတူ စစ်အာဏာသိမ်းမှုပြီးနောက် ရေရှည်အကူအညီများပေးရန်ကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်လျက်ရှိသည်။ ထိုဆောင်ရွက်ချက်များတွင် အစိုးရစနစ်များ၏ပြင်ပတွင် အခြေခံဝန်ဆောင်မှုများပေးမှု အပါအဝင် အာဏာသိမ်းပြီးနောက်ပိုင်းအခြေအနေအတွက် စစ်တပ်နှင့်ဆက်စပ်သော သို့မဟုတ် စစ်တပ်ကိုအထောက်အပံ့ ပေးသော အဖွဲ့အစည်းများအား ပံ့ပိုးမှု မပေးရန်တို့ ပါဝင်သည်။ HARP-F အနေဖြင့် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လိုအပ်ချက်များကို တုံ့ပြန်ပေးသွားမည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်သည့် မသေချာသည့် ကိစ္စရပ်များကို လျှော့ချနိုင်ရန် အတွက် အောက်ပါနည်းလမ်းဖြင့် ချဉ်းကပ်သွားမည်ဖြစ်သည်။


- မြန်မာပြည်သူလူထုအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမိတ်ဖက်အဖွဲ့များအား အဓိက ထားကာ လိုအပ်သောကျောထောက်နောက်ခံမှုပေးခြင်း
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ပိုမိုမြန်ဆန်စေရန် လိုအပ်သော နည်းစနစ်များ၊ အထောက်အကူပြုနည်းလမ်းများ နှင့် တုံ့ပြန်မှုပုံစံများ ရေးဆွဲပေးခြင်း
- မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှု ပုံစံအသစ်အတွက် နည်းဗျူဟာများ ချမှတ်နိုင်ရန် ၊ ကမ္ဘာတဝှမ်းရှိ အလားတူအခြေအနေမျိုးများမှ လေ့လာသင်ယူခြင်း

# ကျွန်ုပ်တို့လုပ်ငန်း ဆောင်ရွက်နည်း

မြန်မာနိုင်ငံသည် ကာလာရှည်ကြာ၊ ရှုပ်ထွေးပြီး ပြောင်းလဲနေသည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကြပ်အတည်းထဲတွင် ရှိနေသည်။ ယင်းအတွက် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များ၊ ပြည်တွင်းအဖွဲ့အစည်းများ၏ဦးဆောင်မှု၊ နှင့် မကြာခဏ ပြောင်းလဲနေသော အခြေအနေတို့ကို ဆီလျော်စွာကိုင်တွယ်နိုင်သော မတူညီသည့် တုံ့ပြန်မှုတစ်ခုလိုအပ်နေသည်။ ကျွန်ုပ်တို့၏မိတ်ဖက်များနှင့် တွဲဖက်၍ဆောင်ရွက်နေသည်မှာ –



©HARP-F partner




## ထပ်မံ (အသစ်) ရွှေ့ပြောင်းခဲ့ရသူများ နှင့် ဝေးလံသော သို့မဟုတ် ရောက်ရှိရန်ခက်ခဲသော ဒေသများတွင် နေထိုင်သူများအတွက် လတ်တလော အရေးပေါ်လိုအပ်ချက်များကိုပံ့ပိုးခြင်း

ကျွန်ုပ်တို့၏အထောက်အပံ့ငွေများက ကြိုတင်ခန့်မှန်းနိုင်သော နှစ်ရှည်ရန်ပုံငွေပုံစံဖြစ်သည်။ ထို့အတွက်ကြောင့် COVID-19 ကပ်ရောဂါဖြစ်ပွားသောအခါ သို့မဟုတ် နိုင်ငံရေးအခြေအနေပြောင်းသောအခါ ကျွန်ုပ်တို့၏အမိတ်ဖက် အဖွဲ့များ၏ တုံ့ပြန်မှုများကို လိုက်လျောညီထွေပြောင်းလဲစေပြီး အကြပ်အတည်းကြောင့် ထိခိုက်ခံစားရသူများ၏ လတ်တလောအသက်ရှင်သန်နိုင်ရေး လိုအပ်ချက်များကို ဖြည့်စွမ်းနိုင်ခဲ့သည်။ ၎င်းတို့မှာ –

- အဓိကဝန်ဆောင်မှုများဆက်လက်ပေးခြင်း – ကျွန်ုပ်တို့သည် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူ ၄၀၉,၀၀၀ အတွက် စားနပ်ရိက္ခာအတွက်ငွေကြေး၊ အစားအစာမဟုတ်သောပစ္စည်းများ၊ အာဟာရ၊ ပတ်ဝန်းကျင် ရေ နှင့် တကိုယ်ရည် သန့်ရှင်းရေး ဝန်ဆောင်မှုများ နှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးခဲ့သည်။
- HARP-F သည် ပတ်ဝန်းကျင် ရေ နှင့် တကိုယ်ရည် သန့်ရှင်းရေး ကဏ္ဍတွင်အများဆုံး ရန်ပုံငွေထောက်ပံ့နေသည့် အဖွဲ့အစည်းဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ စခန်းများမှ ရွှေ့ပြောင်းနေထိုင်သူ ၇၀ ရာခိုင်နှုန်း အတွက် အထောက်အကူများပေးလျက်ရှိသည်။
- မြန်မာနိုင်ငံ၏ ထိခိုက်လွယ်ဆုံးသူများအတွက် COVID-19 ဆိုင်ရာတုံ့ပြန်မှု – ရခိုင်၊ ကချင်၊ ရှမ်းမြောက်နှင့် အရှေ့တောင်ပိုင်း အတွက် COVID-19 တားဆီးမှုနှင့် ထိန်းချုပ်မှု ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များအား ပေါင်စတာလင် ၅ သန်းကျော် (ယင်းမှ ပေါင်စတာလင် ၄.၃ သန်းသည် ထပ်ဆောင်းရန်ပုံငွေဖြစ်သည်) ထောက်ပံ့ခဲ့သည်။ စခန်းများ၊ ကျေးရွာများ၊ ကျောင်းများတွင်လူဦးရေ ၅၀၀,၀၀၀ အတွက် COVID-19 ဝန်ဆောင်မှုများ၊ IDP စခန်း ၁၉၆ ခုကျော်တွင် COVID-19 စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ ပတ်ဝန်းကျင် ရေ နှင့် တကိုယ်ရည် သန့်ရှင်းရေးနှင့် ငွေကြေးထောက်ပံ့မှုများ ပါဝင်သည်။

**၇၄ ခု**

မိတ်ဖက်အဖွဲ့အစည်း

**၄၀၈, ၆၂၈**

ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူ ၄၀၈,၆၂၈ ကို အထောက်အပံ့ ပေးခဲ့သည် (ဒီဇင်ဘာ ၂၀၂၀)

# လူသားချင်းစာနာထောက်ထားမှုလိုအပ်ချက်များ ဖြစ်ပေါ်စေသော ရေရှည်အကြောင်းအရင်းများကို ဖေါ်ထုတ်ပြီး၊ ထိခိုက်ခံစားရသူများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တိုးမြှင့်ပေးသည်

ကြံ့ကြံ့ခံနိုင်မှုတည်ဆောက်ခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်ချက်အားလုံး၏မဏ္ဍိုင်ဖြစ်သည်။ ရေရှည်အကြပ်အတည်းတစ်ခုတွင် ကျွန်ုပ်တို့သည် နိုင်ငံရေး၊ တိုင်းရင်းသားအရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ကျန်းမာရေးရှုထောင့်များမှ လတ်တလောကယ်ဆယ်ရေးထက်ပို၍ရှုမြင်ကြည့်ပြီး အကြပ်အတည်းကြောင့် ထိခိုက်ခံစားရသည့်သူများ၏ ထိခိုက်လွယ်မှုကိုလျှော့ချရန် ဆောင်ရွက်နေကြပြီဖြစ်သည်။ ကျွန်ုပ်တို့၏ "ကြံ့ကြံ့ခံနိုင်မှုသို့သွားရာလမ်း" သည် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းဆောင်ရွက်နေသော ဒေသခံပြည်သူအဖွဲ့အစည်းများ၏ စွမ်းအားတည်ဆောက်ခြင်းသည် ဗဟိုချက်ဖြစ်နေသည်။ ယင်းတွင်ပါဝင်သည်များမှာ –

- ထိရောက်သော ရေရှည်တည်တံ့သည့် လူသားချင်းစာနာမှု အထောက်အကူများပေးနိုင်ရန် အဖွဲ့အစည်းစွမ်းအားမြှင့်တင်သည့် သင်တန်းများဖြင့် ဒေသခံအဖွဲ့အစည်းများကို စွမ်းအားတည်ဆောက်ခြင်း နှင့် ကြံ့ကြံ့ခံနိုင်သောမြန်မာနိုင်ငံတည်ထောင်ရန် လိုအပ်သော စနစ်များရှိစေခြင်း။ ယင်းမိတ်ဖက်များသည် ကျွန်ုပ်တို့၏ အကူအညီဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ရေးဆွဲအကောင်အထည်ဖေါ်ခြင်း။ မိတ်ဖက်များသည် အထောက်အကူများကို လက်ခံရယူသူများ အနေနှင့် မဟုတ်ဘဲ စီမံကိန်းများကို ဦးဆောင်အကောင်အထည် ဖေါ်သူများဖြစ်စေမည်ဖြစ်သည်။


- ဒေသခံအဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှု နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများကို အားဖြည့်ရန် နှင့် အရေးပေါ်တုံ့ပြန်မှုစွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ရန် လူသားချင်းစာနာထောက်ထားမှုနှင့် ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ အထူးသင်တန်းများပေးခြင်း။ ဘေးအန္တရာယ်ကျရောက်သောအခါ မြန်မာပြည်မှဒေသခံပြည်သူများသည် အသင့်လျော်ဆုံး ကနဦးတုံ့ပြန်သူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ ကြံ့ကြံ့ခံနိုင်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အထူးသင်တန်းများရပြီးသောအခါ ၎င်းတို့သည် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း၊ ငွေကြေးဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း၊ အဟာရ၊ WaSH နှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိကြမည်ဖြစ်သည်။

- ကျွန်ုပ်တို့၏လုပ်ငန်းများ၊ လတ်တလောအရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွမ်းရာတွင်ပင် ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ခြင်းကို ထည့်သွင်းခြင်း။ ဥပမာအားဖြင့် ရွှေ့ပြောင်းနေထိုင်သူများအား ပိုမို ပြုလွယ်ပြင်လွယ်ရှိပြီး မိမိကိုယ်ကို အားကိုးမှု ပိုမိုစေရန် ကျွန်ုပ်တို့သည် အစားအသောက်ဖြန့်ဝေခြင်းအစား ငွေကြေးထောက်ပံ့ခြင်းကို ပိုမိုအစားထိုး လုပ်ဆောင်လာသည်။ ကျွန်ုပ်တို့သည် ရပ်ရွာများအတွက်အထောက်အကူပစ္စည်းဖြန့်ဝေမှုအချို့တွင် ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှုကို လွှဲပြောင်းပေးခြင်း များလည်းလုပ်ဆောင်လာသည်။

- ရပ်ရွာမှဦးဆောင်သော ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချမှုနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း။ မြန်မာနိုင်ငံသည် ဆိုင်ကလုန်းနှင့်ရေကြီးရေလျှံမှုစသည့် ရုတ်တရက်ကျရောက်သော ဘေးအန္တရာယ်များနှင့် မိုးခေါင်ခြင်း၊ ဆားငံရေထိုးခြင်း နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းစသည့် တဖြေးဖြေးချင်း ကျရောက်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်လွယ်မှုတွင် အမြင့်ဆုံးနိုင်ငံတစ်ခုအဖြစ် သတ်မှတ်ထားခြင်းခံရသည်။ ရခိုင်ဒေသတွင် ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချမှု၏ အစိတ်အပိုင်းအဖြစ် သက်ဆိုင်ရာရပ်ရွာများတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖေါ်နေသော လူမှုရေးအဖွဲ့အစည်း အထောက်အကူပြု ရန်ပုံငွေမိတ်ဖက် ၉ဖွဲ့ကို အထောက်အပံ့ပေးခဲ့ပြီးဖြစ်သည်။

| ပြည်နယ်/တိုင်းဒေသကြီး | အမျိုးသမီး | အမျိုးသား |
|---|---|---|
| ရခိုင် | ၂၇၆၅၆၄ | ၂၅၁၂၅၇ |
| ချင်း | ၄၄၆၅ | ၄၅၈၉ |
| ကချင် | ၁၀၄၅၇၂ | ၉၂၁၆၉ |
| ရှမ်းမြောက် | ၂၅၁၀၈ | ၂၅၉၁၀ |
| အရှေ့တောင်ဘက်ဒေသ | ၁၅၃၄၂ | ၁၂၆၀၆ |
| ထိုင်းနယ်စပ် | ၄၉၉၄၄ | ၄၆၁၀၂ |
| **စုစုပေါင်း** | **၄၇၅၉၉၅** | **၄၃၂၆၃၃** |
| | ၉၀၈၆၂၈ | |

ပြည်နယ်/တိုင်းဒေသကြီးအလိုက်အကျိုးခံစားရသည့်လူဦးရေ (၂၀၂၀ ဒီဇင်ဘာအထိ)




မြို့နယ်အလိုက် စီမံကိန်းတည်နေရာများ



©HARP-F partner

# ရေရှည်အကြပ်အတည်းများတွင် လူသားချင်းစာနာမှု အထောက်အကူများပေးခြင်းနှင့်ပတ်သက်ပြီး အသိပညာမျှဝေခြင်းနှင့် တီထွင်ဖန်တီးမှု

ကမ္ဘာ့အဆင့်လုပ်ဆောင်ချက်များသည် ဒေသအဆင့်အသိပညာများကို အခြေခံသင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏ဖြစ်ပေါ်လာသော အခြေအနေနှင့်ပတ်သက်ပြီး နက်ရှိုင်းသော ဗဟုသုတများစုစည်းပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ အသိပညာကွန်ယက်ကိုကျေးဇူးတင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရန်ပုံငွေထောက်ပံ့ခဲ့သည့်အဖွဲ့အစည်းများမှတဆင့် ရေရှည်အကြပ်အတည်းတစ်ခုတွင် အကူအညီများမည်သို့ပေးရမည်ကို ကျယ်ပြန့်သော ဗဟုသုတနှင့် အမျိုးသားအဆင့်နှင့် ဒေသခံမိတ်ဖက်များအား စွမ်းဆောင်ရည်တည်ဆောက်သည့် အတွေ့အကြုံကိုလည်းလက်တွေ့ ရရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံနှင့် အခြားနေရာများ၌ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် ၂၀၂၁ ခုနှစ်တွင် ကျွန်ုပ်တို့သည် ယင်းဗဟုသုတ အသိပညာများကို ဖြန့်ချီမည်ဖြစ်သည်။ ယင်းတွင်ပါဝင်သည်မှာ –

- အသိပညာဆိုင်ရာထုတ်လုပ်ထားသည့်ပစ္စည်းများ – အခြေပြု စာတမ်းများ၊ သုတေသနနှင့် သုံးသပ်အကဲဖြတ်မှုအကြောင်းအရာများ – ဥပမာအားဖြင့် COVID–19 တုံ့ပြန်မှု၊ ဒေသအင်အားကိုအခြေပြုခြင်း၊ အဟာရ နှင့် ရေရှည်အကြပ်အတည်းတွင် လုပ်ငန်းဆောင်ရွက်မှုမှရရှိသော လေ့လာသင်ယူမှုများ
- လေ့လာသင်ယူမှုအခမ်းအနားများ – ရေရှည်အကြပ်အတည်းတစ်ခုတွင် လူသားချင်းစာနာမှုအထောက်အကူပေးခြင်းအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ မြန်မာ့အခြေအနေတွင် ပေါ်ထွက်လာသည့်ဆီလျော်သောအကြောင်းအရာများနှင့်ပတ်သက်သည့် အလွတ်သဘော ဟောပြောပွဲများ
- အခြေအနေကိုသုံးသပ်လေ့လာခြင်း – ကျွန်ုပ်တို့၏လုပ်ငန်းများသည် ဒေသအခြေအနေကိုနားလည်မှုအပေါ်အရင်းခံကာ ကျွန်ုပ်တို့၏မိတ်ဖက်များသည် ပြောင်းလဲနေသော အခြေအနေများအတိုင်း လျှင်မြန်စွာ ပြောင်းညှိလုပ်ကိုင်ရန်လိုအပ်သဖြင့် ရခိုင်ဒေသတွင် ရပ်ရွာကိုသုံးသပ်လေ့လာမှုနှင့် အထောက်အကူပြုစနစ် (CASS) ကိုရေးဆွဲချမှတ်ခဲ့သည်။ CASS က လုပ်ငန်းဆောင်ရွက်မှုမိတ်ဖက်များ၊ HARP–F နှင့် အလှူရှင်များအတွက် ရန်ပုံငွေထောက်ပံ့သည့် အစီအစဉ်၏ အခြေအနေဆိုင်ရာ ဗဟုသုတများနှင့် သုံးသပ်လေ့လာမှုကို ရရှိစေခြင်းဖြင့် ကျွန်ုပ်တို့၏ ကွန်ယက်မှရရှိသော သတင်းအချက်အလက်များကို ထပ်မံဖြည့်စွက်ပေးသည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

---

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အကူနှင့် ကြံ့ကြံ့ခံနိုင်မှုလုပ်ငန်းအစီအစဉ်သည် UK ၏နိုင်ငံရပ်ခြား၊ ဓနသဟာယနှင့် ဖွံ့ဖြိုးရေးရုံး (FCDO) မှ ၂၀၁၆ ခုနှစ်တွင်စတင်ခဲ့သော ဆောင်ရွက်ချက်ဖြစ်သည်။

HARP-F သည်ရန်ပုံငွေအထောက်အပံ့ပေးမှုစနစ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအထောက်အကူနှင့် ကြံ့ကြံ့ခံနိုင်မှု လုပ်ငန်းအစီအစဉ်၏ အကြီးမားဆုံးအစိတ်အပိုင်းဖြစ်သည်။ ယင်းကို Crown Agents မှစီမံခန့်ခွဲသည်။

၂၀၂၂ ခုနှစ်မေလတွင် ထုတ်ဝေသည်။

www.harpfacility.com